ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# Village Development Plan (VDP)

ချောင်းဖျားကျေးရွာ၊ ကြပ်ကလေးအုပ်စု

၂၀၁၇ ခုနှစ် ကြံခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖိုးတရုပ်ချောင်း
ကျောက်နီချောင်း
မှျင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ရေလယ်ကျွန်း
ပတော်သစ်တော ကြိုးဝိုင်း
ရေနံတောင်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ




ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြုပ်ကလေးကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြုပ်ကလေး ကျေးရွာ

၂. အလယ်ရွာ

၃. ချောင်းဖျား ကျေးရွာ

၄. ရှမ်းတောကြီးကျေးရွာ

၅. စမ်းကြီးကျေးရွာ

ကြုပ်ကလေးးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

၄။ ကျေးရွာအခြေခံ အချက်အလက်များ

ချောင်းဖျားကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြပ်ကလေးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကြပ်ကလေးကျေးရွာအုပ်စုတွင် ဖြတ်သန်းစီးဆင်းနေသော စောပြာချောင်း၏ အဖျားပိုင်းတွင် တည်ရှိသောကြောင့် ချောင်းဖျားကျေးရွာဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်မတိုင်မီကတည်းက ရွာကိုစတင်တည်ခဲ့သည်။ ချောင်းဖျားကျေးရွာ၏ အရှေ့ဘက်တွင် အလယ်ရွာတည်ရှိ၍ အနောက်ဘက်တွင် တောတောင်များ တည်ရှိသည်။

ချောင်းဖျားကျေးရွာသည် အနောက်ဘက်ချောင်းတစ်ဖက်ကမ်းတွင်ရှိသော တောင်ယာများကို အဓိကအားထား၍ အသက်မွေးကြသည်။ တောင်ယာ ၊ ဥယျာဉ် နှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့သည် ချောင်းဖျားကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ ကျဘမ်းလုပ်ကိုင်သူများလည်း ရှိသည်။ မြန်မာလူမျိုးများသာ နေထိုင်ကြ၍ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။

ချောင်းဖျားကျေးရွာတွင် စေတီ၊ ဘုန်းတော်ကြီးကျောင်းကဲ့သို့သော ဘာသာရေးအဆောက်အဦးများ လုံးဝမရှိပေ။ စာသင်ကျောင်း၊ ဆေးပေးခန်းကဲ့သို့သော ပညာရေး၊ ကျန်းမာရေးတို့အတွက် အထောက်အကူပြုအဆောက်အဦးများလည်း မရှိသေးပေ။ သို့အတွက် ကလေးငယ်များ၏ ပညာရေးအတွက် အခြားကျေးရွာများတွင် သွားရောက်ပညာသင်ယူကြရ၍ ကျန်းမာရေးနှင့်ပတ်သက်၍လည်း နီးစပ်ရာကျေးရွာများတွင်သာ ဆေးကုသမှုခံယူကြရသည်။

ချောင်းဖျားကျေးရွာတွင် အိမ်ခြေ (၄၀)ကျော် ရှိသော်လည်း အများစုမှာ ချောင်းတစ်ဖက်ကမ်းရှိ တောင်ယာများတွင်သာ နေထိုင်ကြသည်။ ထိုသို့ ချောင်းတစ်ဖက်ကမ်းရှိတောင်ယာများတွင်နေထိုင်ကြသော ကျေးရွာသူ/ကျေးရွာသားများသည် သွားလာရေးအဆင်မပြေခြင်း၊ မိုးရာသီတွင် ကျောင်းသား/ကျောင်းသူများမှ အစ ချောင်းကိုဖြတ်ကူးရန်မလွယ်ကူခြင်း စသည့်အခက်အခဲများကြောင့် ယခုအခါ ရွာသို့ပြန်လည်ပြောင်းရွှေ့နေထိုင်လိုကြသော်လည်း ရွာတွင်အိမ်ယာမြေများဝယ်ယူရန် ငွေကြေးမလုံလောက်ခြင်းကြောင့် ရွာသို့ပြောင်းရွှေ့နေထိုင်ခြင်း မပြုနိုင်ကြပေ။ သို့အတွက် ကျေးရွာသူ/ကျေးရွာသားများ၏ အဓိကအခက်အခဲမှာ အိမ်ယာမြေအခက်အခဲဖြစ်၍ ၎င်းတို့ကျေးရွာ၏ အဓိကလိုအပ်ချက်မှာ အိမ်ယာမြေများပင် ဖြစ်သည်ဟု သိရသည်။


၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 13-12-2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 6 | 12 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 13-12-2016 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 6 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 13-12-2016 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 5 | 7 | 12 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 13-12-2016 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 5 | 4 | 9 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 13-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 6 | 7 | 13 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 13-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 5 | 6 | 11 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | 15-12-2016 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 16 | 15 | 31 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 15-12-2016 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 16 | 15 | 31 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | 15-12-2016 | ကော်မတီဂင်များ ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | 16 | 15 | 31 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်</u>




လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**


ချောင်းဖျားကျေးရွာတွင် အိမ်ခြေ( ၄၀ ) ကျော်ရှိသည့်အနက်
အိမ်ခြေ (၃၀) ကျော်မှာ တောင်ယာပဲခင်းများတွင် နေထိုင်ကြသည်။
လယ်ယာမြေများ၊ ကိုင်းမြေများကို မှီခိုအားထားကြသည်။
လယ်ယာစိုက်ပျိုးရေးနှင့် တောင်ယာပဲခင်းများကို အဓိကထား လုပ်ကိုင်ကြသည်။
စိုက်ပျိုးမြေများ ပေါများသော်လည်း သောက်သုံးရေ ဖူလုံမှု မရှိပါ။
သဲဆန်မြေ ဖြစ်ခြင်းကြောင့် ဆက်သွယ်ရေးလမ်းများ မကောင်းပါ။
(၂၀၁၆) ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးကူညီမှုဖြင့် လမ်းအချို့ကို ပြင်ဆင်နိုင်ခဲ့သည်။

<u>တိုးတက်ဖို့ လိုအပ်သည်များ</u>

- လျှပ်စစ်မီး
- ကျေးလက်ဆေးပေးခန်း
- ကျေးရွာစာကြည့်တိုက်
- မူလတန်းကျောင်း
- ဝင်ငွေရလုပ်ငန်းများ
    - ဝက်/ကြက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များ

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ခ) <u>ရာသီခွင်ပြပြက္ခဒိန် နှင့်သုံးသပ်ချက်</u>





ရာသီခွင်ပြပြက္ခဒိန်

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

- ရာသီဥတုအခြေအနေအားဖြင့် ကဆုန်လမှသီတင်းကျွတ်အထိ မိုးရွာသောလများဖြစ်ပြီးကျန်လများတွင်နေ ပူသည်။
- ရွာအဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။သီတင်းကျွတ်လနှင့်တန်ဆောင်မုန်း လ များတွင် အလုပ်အကိုင်နည်းပါးသည်။
- ပြာသို၊ တပို့တွဲ နှင့် တပေါင်းလများတွင် ဝင်ငွေကောင်းသော်လည်း ကျန်လများတွင် ဝင်ငွေ အလွန်နည်း ပါး ကြသည်။ တူညီသောအလုပ်အတွက် အမျိုးသား နှင့် အမျိုးသမီး လုပ်အားခတန်းတူရသော်လည်း အလုပ်မတူသောကြောင့် ဝင်ငွေမတူပါ။အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ အလုပ်အကိုင် ရှားပါး သည်။
- ကျန်းမာရေးအနေဖြင့် ဆိုးဆိုးရွားရွားဖြစ်လေ့ မရှိပါ။
- မြန်မာ့ရိုးရာပွဲတော်များကို ဆင်နွဲလေ့ရှိသော်လည်း ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသိုနှင့်တပေါင်းလ များတွင် ပွဲတော်ကျင်းပလေ့ မရှိပါ။
- အလွန်ပူပြင်းသော နွေလများတွင် ရေရှားပါးလေ့ ရှိသည်။
- တန်ခူးလ နှင့် ကဆုန်လမှလွဲ၍ ကျန်လများတွင် အစားအစာဖူလုံမှု ရှိပါသည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့်သုံးသပ်ချက်


ကျပ်ကလေးအုပ်စု
ဥစ္စာဓန အဆင့်သတ်မှတ်ချက်
ချောင်းဖျားကျေးရွာ
ရက်စွဲ - ၁၄.၁၂.၂၀၁၆

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| A | ပျဉ်ထောင်သွပ်မိုး၊ လယ် (၃) ဧက၊ ဆိုင်ကယ် သုံးဘီး၊ လယ်ထွန်စက် | ၈ | ၁၉ % |
| B | ပျဉ်ထောင်သွပ်မိုး၊ လယ် (၂) ဧက၊ ဆိုင်ကယ်၊ ကျွဲနွား | ၅ | ၁၂ % |
| C | ပျဉ်ထောင်သက္ကယ်မိုး၊ လယ် (၁) ဧက၊ ကျွဲနွား | ၃ | ၇ % |
| D | ဝါးထရံကာ၊ သက္ကယ်မိုး၊ လက်လုပ်လက်စား | ၂၇ | ၆၂ % |
| | စုစုပေါင်း | ၄၃ | ၁၀၀ % |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

ကျေးရွာတွင် နွမ်းပါးသောအိမ်ထောင်စု( ၂၇ )အိမ်ရှိသည်။ နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင် ရှားပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ကျေးရွာ၏ ( ၈၀ ) ရာခိုင်နှုန်းခန့်မှာ နွမ်းပါးသူများဖြစ်ကြသည်။

ချမ်းသာသောအိမ်ထောင်စုမှာ( ၈ )အိမ်သာရှိသည်။၎င်းတို့သည် လယ်ယာမြေများ ပိုင်ဆိုင်ကြသလို စက်ပစ္စည်းများ ပိုင်ဆိုင်ကြသည်။


ကျေးရွာတွင် နွမ်းပါးသူများသောကြောင့် လမ်းဖောက်ခြင်းကဲ့သို့သောလုပ်ငန်းများသည် ကျေးရွာလူထုအတွက် ဝင် ငွေများရလာနိုင်သည်။

ရေပေးဝေရေးလုပ်ငန်းများသည် အမျိုးသမီးများရေခပ်ချိန်မကုန်သည့်အတွက် ဝင်ငွေရသောလုပ်ငန်းများ လုပ်နိုင် ပေလိမ့်မည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ယ)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ နှင့်သုံးသပ်ချက်</u>




အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေး၊နာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့ နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ် ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟို ပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကိုဆောင် ရွက်ကြသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) <u>ပင့်ကူအိမ်ကွန်ယက် နှင့်သုံးသပ်ချက်</u>




ပင့်ကူအိမ်ကွန်ယက်

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန်အားနည်းသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။


ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင်ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။


အချို့သောကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များနှင့် ဆုံးဖြတ်ခွင့်များ မှေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၎င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(စ) <u>အရင်းအမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုအပေါ်သုံးသပ်ခြင်း</u>**




အရင်းအမြစ်အပေါ် အသုံးချနိုင်မှု

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အချုပ်စက်၊ ဈေးဆိုင် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။

ဆိုင်ကယ်၊ သစ်တော၊ မြစ်၊ ချောင်း၊ တံတား၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ ကြက်၊ ဝက် စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။


အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။


အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။

အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်တန်းတူ ပြုလုပ်နိုင်ကြောင်း နှင့် တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)<u>အခက်အခဲပြဿနာများကိုသုံးသပ်ခြင်း</u>





<u>အခက်အခဲပြဿနာများ</u>

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အိမ်ဆောက်ရန်မြေနေရာ ရှားပါးသောအခက်အခဲ၊ လျှပ်စစ်မီးမရှိသော အခက်အခဲ၊ ကျန်းမာရေး အထောက်အကူများ မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ စာပေဗဟုသုတ နည်းပါးခြင်း စသည် တို့ကို အမျိုးသားများက အဆိုပြုကြသည်။


အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ ရာသီဥတုဖောက်ပြန်၍ သီးနှံအထွက်နည်းခြင်း၊ ကျန်းမာရေးချို့တဲ့ ခြင်း၊ စက်မှုလက်မှုအတတ်ပညာ နည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ပညာတတ်များ ရှားပါးခြင်း စသည်တို့သည် အမျိုးသမီးများဖော်ထုတ်ခဲ့ကြသော အခက်အခဲများ ဖြစ်သည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ မတူညီကြပါ။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ် ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြား အခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)<u>ကျေးရွာမျှော်မှန်းချက်များကို သုံးသပ်ခြင်း</u>




<u>ကျေးရွာမျှော်မှန်းချက်များ</u>

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**


အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် အိမ်မြေနေရာများရရှိရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ထို့အပြင် ၄င်းတို့သည် ရွာချင်းဆက်လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ ချောင်းကူးတံတား ဆောက်လုပ်နိုင်းရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ဆေးပေး ခန်းဆောက်လုပ်နိုင်ရေး ၊တစ်ရွာလုံးလျှပ်စစ်မီးလင်းရေး စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။


အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံး လျှပ်စစ်မီးလင်းနိုင်ရေး စသည်ဖြင့် မျှော်မှန်း ထားကြသည်။ ထို့အပြင် အမျိုးသမီးများသည် ရွာတွင် ရေဖူလုံမှုရှိစေရန် အမြင့်တင်ရေစင်နှင့် ရေပိုက်လိုင်းများ ဆောက်လုပ်နိုင်ရန် မျှော်မှန်းထားကြသည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ အဓိကမျှော်မှန်းချက်မှာ အိမ်ယာမြေများရရှိရေးဖြစ်သည်။ ၄င်းတို့ကျေးရွာရှိ အိမ်ထောင်စု၏(၈၁)ရာခိုင်နှုန်းခန့်မှာ ရွာတွင်နေထိုင်လိုကြသော်လည်း အိမ်ယာမြေ အခက်အခဲကြောင့် တောင်ယာ များတွင် နေထိုင်ကြရသည်။ သို့အတွက်ကြောင့် အိမ်ယာမြေများ ပြည့်စုံနိုင်ရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြ ခြင်း ဖြစ်ပေလိမ့်မည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ။

(စ)ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သောလုပ်ငန်းများ

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်နေသောလုပ်ငန်းများကို အမျိုးသားနှင့်အမျိုးသမီး တစ်ဖက်ဆီဖော်ထုတ်၍ အပြန် အလှန်သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်များကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ခြုံငုံသုံးသပ်ခဲ့ကြသည်။

<u>အမျိုးသားများအဆိုပြုသော လုပ်ငန်များ</u>

- အိမ်မြေနေရာ
- ရေစင် နှင့် ရေပိုက်
- သုသာန်မြေနေရာ
- ချောင်းကူးတံတား ဆောက်လုပ်ရန်
- ကျေးရွာဆေးပေးခန်း
- လျှပ်စစ်မီးလင်းရေး


<u>အမျိုးသမီးများအဆိုပြုသော လုပ်ငန်းများ</u>

- ရွာတွင်းကျောက်ချောလမ်း
- လျှပ်စစ်မီး( အင်ဂျင်မီး )
- ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်
- အိမ်တိုင်ရာရောက် ရေရရှိရေး
- မူလတန်းကျောင်းမှ အလယ်တန်းကျောင်းဖြစ်ရေး

အမျိုးသားနှင့်အမျိုးသမီး အဆိုပြုသောလုပ်ငန်းများ အများအားဖြင့် တူညီကြသည်။

၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ။

(ဈ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း




ဦးစားပေးလုပ်ငန်း အဆင့်သတ်မှတ်ချက်

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကြပ်ကလေးကျေးရွာအုပ်စု၊ချောင်းဖျားကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရေစင်၊ရေစက်ရှုံ၊ရေပိုက်လိုင်းလုပ်ငန်းအား ဦးစာပေး(၁)အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံး အင်ဂျင်မီး လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ချောင်းကူးတံတားဆောက်လုပ်ခြင်း လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် စာကြည့်တိုက်ဆောက်လုပ်ရန်လုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ ကျေးရွာ အစည်းအဝေးခန်းမအား ဦးစားပေး(၅) အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ရေစင်၊ရေစက်ရှုံ၊ရေပိုက်လိုင်းလုပ်ငန်း ဖြစ်သည်။ သောက်သုံး ရေဖူလုံပါက အမျိုးသမီးများလည်း ရေခပ်ချိန်အကုန်သက်သာမည်။သို့အတွက် အခြားဝင်ငွေရလုပ်ငန်များ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်လာနိုင်လိမ့်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်ပါဝင်ရေးဆွဲနေပုံ



# ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးသန်းဖော် | 09251115110 |
| | | ဥက္ကဋ္ဌ | ဒေါ်စန်းမိုး | 09260481596 |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်တင်မိုးခိုင် | |
| | | အဖွဲ့ဝင် | ဦးမင်းမင်းခိုင် | |
| | | အဖွဲ့ဝင် | ဦးသန်းဖော်ဦး | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမြင့်စိုး | |
| | | အဖွဲ့ဝင် | ဒေါ်သောင်းကြည် | 09455364969 |
| | | အဖွဲ့ဝင် | ဒေါ်စကားဝါ | |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်တင်မိုးခိုင် | 09250822320 |
| | | အဖွဲ့ဝင် | ဦးကြည်လွင် | |
| | | အဖွဲ့ဝင် | ဦးသိန်းဖော်ဦး | 09780046429 |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးညီညီမွန် | |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး | အဖွဲ့ဝင် | ဦးရဲနိုင် | 09454524651 |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းသန်း | 09773385197 |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမျိုးကျော် | 09783972131 |
| | | အဖွဲ့ဝင် | ဒေါ်ကြည်စန်း | |

# ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးသန်းဇော် | 09.251115110 | ဦးတင်မိုးဇော် |

| | | |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြပ်ကလေး၊ ကျေးရွာ ရှောင်းပျော |

### က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၃ | ဘာသာ (၁) ဗုဒ္ဓ | ၄၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ | | ၆ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၆၂ | ၆၆ |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၄၀ | ၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဝလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ✓ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ✓ ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/✓ မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လူငယ်ပရဟိတအဖွဲ့ ,

(၂) ---------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦး·ဘသန်းဇော် |
| | လက်မှတ် | [signature] နေ့စွဲ 14.12.2016 |
| လူထုစည်းရုံးရေးမှူး | အမည် | ဦး·တင့်နိုင်ငွေ |
| | လက်မှတ် | [signature] နေ့စွဲ 14.12.2016 |

## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )



ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၁၆ . ၁၂ . ၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း ဖိတ်ဆက်အစည်းအဝေး | ၁၄.၁၂.၁၆ | ၁၄.၁၂.၁၆ | ၁၆ | ၁၄ | ၃၀ | မအ-၃၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆.၁၂.၁၆ | ၁၆.၁၂.၁၆ | ၁၆ | ၁၅ | ၃၁ | မအ-၃၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂.၁.၁၇ | ၂.၁.၁၇ | ၄ | ၄ | ၈ | မအ-၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | ၁၄.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၉.၂.၁၇ | ၁၉.၂.၁၇ | ၁၁ | ၁၁ | ၂၂ | မအ ၂၂ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၇.၇.၁၇ | ၇.၇.၁၇ | ၁၁ | ၁၁ | ၂၂ | မအ ၂၂ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၇.၇.၁၇ | ၇.၇.၁၇ | ၁၁ | ၁၁ | ၂၂ | မအ ၂၂ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း၊ | ၃.၃.၁၇ | ၃.၃.၁၈ | ၁၁ | ၁၁ | ၂၂ | [illegible] | ၂၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း၊ | ၃.၃.၁၇ | ၃.၃.၁၈ | ၁၁ | ၁၁ | ၂၂ | [illegible] | ၂၂ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း၊ | ၃.၃.၁၇ | ၃.၃.၁၈ | ၁၁ | ၁၁ | ၂၂ | [illegible] | ၂၂ |
| ၇။ စီမံကိန်းလုပ်ငန်းနဲ့ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၂၅.၃.၁၇ | ၂၅.၃.၁၈ | ၈ | ၁၂ | ၂၀ | [illegible] | ၂၀ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၈.၄.၁၇ | ၈.၄.၁၈ | ၈ | ၁၇ | ၂၅ | [illegible] | ၂၅ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းနဲ့ အပြီးသတ်စစ်ဆေးခြင်း၊ အစည်းအဝေး | ၁၁.၅.၁၇ | ၁၁.၅.၁၈ | ၁၁ | ၁၁ | ၂၂ | [illegible] | ၂၂ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၂.၆.၁၇ | ၁၂.၆.၁၈ | ၁၈ | ၂၂ | ၄၀ | [illegible] | ၄၀ |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်( PC-3 )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး တင့်နိုင်ထွေး |
| နေ့စွဲ ၁၆ . ၁၂ . ၂၀၁၆ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ကြပ်ကလေး — ကျေးရွာ ချောင်းဖျား |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သဘာဝအရင်းအမြစ် ရှားပါးခြင်း | ၁ | ဝင်ငွေ နည်းပါးခြင်း |
| ၂ | နည်းပညာ မရှိခြင်း | ၂ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း |
| ၃ | ပညာတတ် နည်းပါးခြင်း | ၃ | ကျန်းမာရေး မမှန်ခြင်း |
| ၄ | စည်းလုံးညီညွတ်မှု မရှိခြင်း | ၄ | ပညာတတ်နည်းပါးခြင်း |
| ၅ | | ၅ | လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** – နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အိမ်ရာမြေကွက်များ ရရှိရေး | ၁ | အိမ်ရာမြေကွက်များ ရရှိချင်တယ် |
| ၂ | ရေပုံလုံလောက် ရှိရမည်။ | ၂ | တစ်ရွာလုံး မီးလင်းရမည် |
| ၃ | တစ်ရွာလုံး မီးလင်းရမည် | ၃ | ကျောင်းကူးတံတား ဆောက်နိုင်ရမည် |
| ၄ | ဆေးပေးခန်း ရှိရမည် | ၄ | ရွာတွင်း/ ရွာချင်းဆက်လမ်းများ ကွန်ကရစ် |
| ၅ | ရွာတွင် စာကြည့်တိုက် ရှိရမည် | ၅ | လမ်း ဖြစ်ရမည်။ |
| ၆ | | ၆ | ရွာတွင် ဆေးပေးခန်း ရှိရမည်။ |
| ၇ | | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေတွင်း၊ ရေစက်ကူ၊ ရေပိုက်လိုင်း | အမျိုးသား+အမျိုးသမီး | | ၁၂၈ ဦး |
| ၂ | အင်ဂျင်လမ်း | အမျိုးသား+အမျိုးသမီး | | ၁၂၈ ဦး |
| ၃ | ချောင်းကူးတံတား | အမျိုးသား+အမျိုးသမီး | | ၁၂၈ ဦး |
| ၄ | စာကြည့်တိုက် | အမျိုးသား+အမျိုးသမီး | | ၁၂၈ ဦး |
| ၅ | အစည်းအဝေးခန်းမ | အမျိုးသမီး | | ၁၂၈ ဦး |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |


ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အိမ်ခြံမြေနေရာ | အမျိုးသား+အမျိုးသမီး | |
| ၂ | ကြက်ဝက် မွေးမြူရေး | အမျိုးသမီး | |
| ၃ | ဆေးပေးခန်း ချပေးရန် | အမျိုးသား+အမျိုးသမီး | |
| ၄ | ဓမ္မာရုံ ဆောက်လုပ်ရန် | အမျိုးသား | |
| ၅ | သုသာန် မြေနေရာ | အမျိုးသား+အမျိုးသမီး | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသိန်းဇော် လက်မှတ် ဇော် နေ့စွဲ 16.12.2016

## ၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း( PC-4 )



| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကလော်ရွာ | ရွာသွားချောင်း ကျောက်စီလမ်း | ၂၀၀၀'x၁၀'x၄' | ၄၃၃ ဦး | □အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | 3300000/- | | | | 3300000/- |
| ချောင်းဖျား | ဆည်မြောင်း | 16HP Engine<br>5kv ဂျနရေတာ<br>700' ပိုက်ကြိုး | ၁၂၈ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | 2400000/- | | | | 2400000/- |
| ဝါးကြီး | ရွာသွားချောင်း ကျောက်စီလမ်း | ၇၁၀'x၁၀'x၄' | ၃၃ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | 2100000/- | | | | 2100000/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |

ရပ်ရွာ ကျေးရွာအုပ်စု ဝိ/ရပ်ကွက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး ဆောင်နောင်ကျော်

လက်မှတ် ______ ရက်စွဲ ၂၇-၈-၂၀၁၇

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ချောင်းဖျား** **ရက်စွဲ- 13-12-2016**

ကြပ်ကလေးကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ( 13-12-2016 )ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာ၀န်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတုခနေအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ချောင်းဖျား** **ရက်စွဲ - 15-12-2016**

ချောင်းဖျားကျေးရွာ၏ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( 15-12-201 )ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ် ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်း အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစား ပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်း ကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေး လုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ် သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာ စီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကြပ်ကလေးအုပ်စု၊ ချောင်းဖျားကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | | ရေကန်၊ ရေခပ်ကျုံ၊ ရေပိုက်မြောင်း | ကျား / မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | ချောင်းကူးတံတား | ကျား / မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | စာကြည့်တိုက် | ကျား / မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | အစည်းအဝေး ခန်းမ | မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | | ကြက်/ဝက် မွေးမြူရေး | မ | | | မွေးမြူရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | | ဆေးပေးခန်း | ကျား / မ | | | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပတ်ဝန်းကျင် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | အင်ဂျင်မီး | ကျား / မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | ဆိပ်ခံ မြေနေရာ | ကျား / မ | | | |
| | | သုသာန် မြေနေရာ | ကျား / မ | | | |
| | | ဓမ္မာရုံ ဆောက်လုပ်ရန် | ကျား | | | |
| | | | | | | |